## ရှာဖွေ တွေ့ရှိခြင်း
## လမ်းညွှန် (၁၀)
# ခရစ်တော်မည်သည့်အချိန်တွင်ပြန်လာမည်နည်း

များသောအားဖြင့် ကျွန်ုပ်တို့သည်အနာဂတ်၏အဖြစ်အပျက်များကိုသိလိုကြ၏။ အချိန်၏တစ်ဖက်တွင် ဖြစ်ပျက်မည့်အရာများကိုသိလိုကြ၏။ သို့ရာတွင် မှန်သောအနာဂတ်နှင့်တိကျသောအချိန်ကိုသိရှိရန်ခဲယဉ်းလှ၏။ နောက်တစ်ရက်ဖြစ်ပျက်မည့်ရာသီ၏အချိန်ကဲ့သို့ ကြိုတင်ပြောရန်ခဲယဉ်းလှ၏။ သို့ရာတွင် အချိန်မှန်၊ မှန်သော အနာဂတ်စကားကို မှန်ကန်စွာဟောကြားနိုင်သောသူတစ်ဦးရှိပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားအားဖြင့် အနာဂတ်၏အဖြစ်အပျက်များကို ကျွန်ုပ်တို့ကြိုတင်သိရှိနားလည်နိုင်သည်။ သူသည် ယုံကြည်စိတ်ချလောက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဤသင်ခန်းစာတွင် သူ၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ လေ့လာကြည့်ရှုကြစို့။ အမှန်တကယ်ပြောရလျှင် ကမ္ဘာကြီးကိုအစပြု၍ ဖန်ဆင်းခဲ့သောပုဂ္ဂိုလ်သည် အဆုံးတွင်မည်ကဲ့သို့ဖြစ်မည်ကို ကောင်းစွာသိရှိမည့်သူဖြစ်သည်။

### ၁။ ကျွန်ုပ်တို့၏အချိန်တွင်ကြွလာမည့်ခရစ်တော်၏လက္ခဏာများ

ခရစ်တော်သည် မိမိတပည့်တော်တို့အား ဒုတိယအကြိမ်ကြွလာမည့်ကိစ္စနှင့် (မဿဲ ၂၃း၃၉) တမန်တော်များမေးသောမေးခွန်းသည် မည်သည့်အရာနည်း။ "ထို့နောက် သံလွင်တောင်ပေါ်မှာထိုင်တော်မူစဉ်၊ တပည့်တော်တို့သည် အခြားသူမပါဘဲချဉ်းကပ်၍ ထိုအမှုအရာတို့သည် အဘယ်ကာလမှဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သောနိမိတ်လက္ခဏာဖြစ်မည်ကိုလည်းကောင်း အမိန့်ရှိတော်မူပါဟုလျှောက်ကြ၏" (မဿဲ ၂၄း၃)။ ခရစ်တော်သည် တိကျပြတ်သားစွာဖြေဆိုခဲ့ပါသည်။ မဿဲအခန်းကြီး ၂၄ နှင့် လုကာအခန်းကြီး ၂၁ တွင်ခရစ်တော်ကိုယ်တိုင်သူကြွလာမည့်နိမိတ်လက္ခဏာများကို ကျွန်ုပ်တို့သိနိုင်ရန်ပေးခဲ့ပါသည်။ အခြားကျမ်းအနာဂတ်စကားများသည် ကြွလာခြင်းအကြောင်းနှင့်ဖြည့်စွက်ပေးကာ ခရစ်တော်မကြွလာမီ ကမ္ဘာကြီး၏အဖြစ်အပျက်နှင့်အခြေအနေကိုအသေးစိတ်ရေးသားဖော်ပြပါသည်။ ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ကျမ်းအနာဂတ်စကားများသည်ပြည့်စုံလာကြောင်းတွေ့မြင်ရပါသည်။ ထို့ကြောင့် ဤလောကသို့ ခရစ်တော်ကြွလာခြင်းသည် ဟုတ်မှန်ကြောင်းသိရသည်။ ကျမ်းစာ၏အနာဂတ်စကားမှတ်ချက် (၁၀) ခုကိုလေ့လာကြပါစို့။ ခေတ်သစ်ခရီးသည်တစ်ဦးသည် လမ်းညွှန်ကြည့်သကဲ့သို့ကြည့်ကြပါစို့။

### *လမ်းညွှန် (၁) စိတ်ဓါတ်ပျက်ပြားခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ စိတ်ချောက်ချားခြင်းနှင့် အနှောင့်အယှက်တွေ့ခြင်း*

လွန်ခဲ့သောနှစ်ပေါင်း ၁၉၀၀ ကျော်က ယခုခေတ်နှင့်အချိန်ဖြစ်ပျက်မည့်အကြောင်းအရာများကို သတင်းစာမှထုတ်သော သတင်းကဲ့သို့ရေးသားခဲ့ပါသည်။ “ထိုအခါ နေ၊ လ၊ ကြယ်နက္ခတ်တို့၌ နိမိတ်လက္ခဏာထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်း လူအမျိုးမျိုးမငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း၊ သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊ မြေကြီးပေါ်မှာဖြစ်လတ္တံ့သောဘေးများကိုမျှော်၍ ကြောက်လန့်သဖြင့် လူများတို့၏အသက်ဆုံးရှုံးခြင်းအမှုအရာတို့သည်ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား ကောင်းကင်တန်ခိုး တို့သည်တုန်လှုပ်ကြလိမ့်မည်။ ထိုအခါ လူသားသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီးလျက်၊ ကြွလာသည်ကိုမြင်ရကြလိမ့်မည်။ ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ သင်တို့ကိုရွေးနုတ်သောအချိန်ကာလရောက်လု နီးပြီကိုထောက်သဖြင့် မျှော်ကြည့်၍ ခေါင်းကိုကြွကြလော့ဟုမိန့်တော်မူ၏” (လုကာ ၂၁:၂၅-၂၈)။ ဤစကားထက်မှန်နိုင် သောရေးသားချက်နှင့် မှန်သောအနာဂတ်စကားမရှိ။ လူသည် ကြောက်ရွံ့သောကြောင့် မောပန်းမေ့လျော့ကြလိမ့်မည်။ စုဆောင်းထားသောလက်နက်ဆန်းများတို့သည် ကမ္ဘာကြီးတစ်ခုလုံးကိုဖျက်ဆီးနိုင်သည်။ အကယ်၍ အကြမ်းဖက်သမား တို့သည် အဏုမြူလက်နက်ရရှိခဲ့သော် မည်ကဲ့သို့ဖြစ်သွားနိုင်သနည်း။ ခရစ်တော်သည် ကျွန်ုပ်တို့အား ကြောက်မက်ဖွယ် အချိန်ကာလအတွက် မျှော်လင့်ခြင်းပေးထားပါသည်။ ဤကမ္ဘာကြီး၏အခက်အခဲများနှင့် ကြောက်မက်ဖွယ်အန္တရာယ်များ တွေ့ကြုံရင်ဆိုင်လာရသောအခါ ခရစ်တော်ကြွလာခြင်း၏အမှန်တရားကို တိကျသေချာစွာယုံကြည်နိုင်ကြောင်းသိရသည်။ ယခုခေတ်လူများတို့သည် ကမ္ဘာကြီး၏အခြေအနေကိုကြည့်ကာ စိတ်ဒုက္ခကိုယ်ဒုက္ခရောက်နေကြောင်းသိရသည်။ သို့ရာတွင် ကျမ်းစာလေ့လာသူများအတွက် အနာဂတ်စကား၏ဖော်ပြချက်အရ၊ ခရစ်တော်ကြွလာမည်ကိုကြေညာထားပါသည်။

### *လမ်းညွှန် (၂) ကမ္ဘာကြီး၏အခက်အခဲနှင့်ပြဿနာများ*

သဘာဝအခက်အခဲများတို့သည် (မီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း----) နောက်ဆုံးခေတ်၌ရောက်နေကြောင်းကိုပြသထားပါသည်။ “အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းဖြစ်ကြလိမ့်မည်။ မိုးကောင်းကင်၌လည်း ကြောက်မက်ဖွယ်သောအရာနှင့် ကြီးစွာသောနိမိတ်လက္ခဏာ တို့သည်ပေါ်ထွန်းကြလိမ့်မည်။ ထို့နည်းတူ ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင် ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးသည်ကိုသိမှတ်ကြလော့” (လုကာ ၂၁:၁၁၊ ၃၁)။ အစာခေါင်းပါးခြင်းအကြောင်းနှင့်ပတ်သက်၍စဉ်းစားကြည့်ပါ။ စာနယ်ဇင်းများတွင် ဝမ်းဗိုက်စူစူအရိုးပေါ်အရေတင်ကာပုံဖော်ပြထားပါသည်။ လူသည် လကမ္ဘာကိုရောက်နိုင်သော်လည်း ငတ်ပြတ်နေသူများကိုကျွေးနိုင်ရန်ခဲယဉ်းလှ၏။ ခရစ်တော်သည် လူများတို့၏တစ်ကိုယ်ကောင်းစိတ်နှင့် ဆိုးယုတ်သောသဘောထား များတို့သည် နောက်ဆုံးသောအချိန်တွင်ပေါ်ပေါက်မည်ကိုသိ၏။ မြေငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ ၁၉၉၉ ခုနှစ်၊ ကမ္ဘာ ပေါ်တွင်ထူးဆန်းသောအဖြစ်အပျက်စာအုပ်ထဲတွင် ခရစ်ယာန်အချိန်ရာစုနှောင်းလာလေလေ ငလျင်လှုပ်ခြင်းသည် ပိုမိုများပြား၍ ပြင်းထန်လာလေဖြစ်၏။ ၁၈၀၀ ရာစုတွင် ပြင်းထန်သောငလျင် (၆) ကြိမ်၊ ၁၉၀၀ ရာစုတွင် (၇) ကြိမ်၊ ၂၀ ရာစုတွင် အကြိမ်ပေါင်း (၁၀၀) ကျော်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ခေတ်ကာလအချိန်အထိ မြေငလျင်လှုပ်ရှားမှုနှင့် ကြီးမားမှု များသည် တစ်နေ့တခြားများလာကြောင်းသိရပါသည်။ ခရစ်တော်၏အနာဂတ်စကားအရ၊ အစာငတ်မွတ်ခေါင်းပါးခြင်း ဘေးနှင့် မြေငလျင်လှုပ်ရှားမှုအကြီးစားများတို့သည် ပိုမိုများပြားလာပါသည်။ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီး ကြောင်းကိုသိရသည်။ ကျွန်ုပ်တို့၏ ၂၁ ရာစုတွင် ကြီးမားသောမြေငလျင်လှုပ်ခြင်း (သို့မဟုတ်) ဘုရင်တကာတို့၏ဘုရင်ကြွလာ မည်လော။

### *လမ်းညွှန် (၃) ငွေကြေးဥစ္စာများစုဆောင်းခြင်း*

ငွေကြေးဥစ္စာတို့သည် တစ်နေ့တခြားလူနည်းစုလက်ထဲသို့ရောက်ရှိလာ၍ လူများစုတို့သည် တစ်နေ့တခြားဆင်းရဲ သွားကြလေသည်။ နောက်ဆုံးသောခေတ်အချိန်တွင် လူများတို့သည် ပစ္စည်းဥစ္စာကိုသိုလှောင်ထားကြသည်။ “ရွှေငွေလည်း

အချေးတက်၍ပျက်ကုန်ပြီး ထိုအချေးသည် သင်တို့တစ်ဖက်၌သက်သေဖြစ်၍ မီးကဲ့သို့သင်တို့အသားကိုစားလိမ့်မည်။ နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား" (ယာကုပ် ၅း၃)။ ခေတ်ပညာ၏ထောက်လှမ်းစူးစမ်းချက်အရ၊ ဘောဂဗေဒပညာရှင်၏ရှင်းတမ်းတွင် သူဌေးများတို့သည် ပိုမိုဌေးလာ၍ ဆင်းရဲသားများတို့သည် ပိုမိုဆင်းရဲလာသည်။ ထိုစီးပွားရေးအခြေအနေတို့သည်လည်း ခရစ်တော်၏ကြွလာခြင်းနီးလျက်ရှိကြောင်းပြသထားပါသည်။ (ယာကုပ် ၅း၈)။

## လမ်းညွှန် (၄) လူမှုရေးတွင်လည်းငြိမ်သက်မှုမရှိပါ

ငြိမ်သက်မှုမရှိသောဝန်ထမ်းများတို့သည် တစ်နေ့တခြားများပြားလာပါသည်။ "နားထောင်ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောသူတို့ကိုလှည့်စား၍ အခမပေးဘဲနေသောကြောင့် ထိုအခသည်ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏အော်ဟစ်ခြင်းအသံသည်လည်း ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၏နားတော်ထဲသို့ဝင်လေပြီ။ သည်းခံလျက်စောင့်နေကြလော့၊ ကိုယ်စိတ်နှလုံးကိုမြဲမြံစေကြလော့။ ဘုရားသခင်ကြွလာတော်မူသောအချိန်ရောက်လုနီးပြီ" (ယာကုပ် ၅း၄၊ ၈)။ စီးပွားဥစ္စာများကိုအတိုင်းထက်မသိစုပုံကာ စုဆောင်းခြင်းသည် ကြွလာခြင်းကိုပြ၏။ လုပ်သားနှင့်လုပ်ငန်းရှင်တို့၏အခက်အခဲကို ယာကုပ်ကြိုတင်သိမြင်၍ စီးပွားဥစ္စာရှိသောသူ၊ မရှိသောသူကွာခြားများပြားလာမည်အကြောင်းသည် ခရစ်တော်ကြွလာခြင်းနီးလျက်ရှိကြောင်းကိုပြ၏။

## လမ်းညွှန် (၅) အကျင့်ပျက်ပြားခြင်း

လူ၏အကျင့်တို့သည် တစ်နေ့တခြားဖေါက်ပြန်ပျက်စီးလာသည်။ "နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟုသိမှတ်လော့။ အဘယ်သို့နည်းဟူမူကား လူတို့သည် ကိုယ့်ကိုယ်ကိုချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမသိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ကုန်းချောတတ်သောသူ၊ ကိုယ်ဣန္ဒြေကိုမချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ၊ သစ္စာကိုဖျက်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့။ ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား သူတစ်ပါးကိုလည်းကောင်း၊ ကိုယ့်ကိုယ်ကိုလည်းကောင်း လှည့်ဖြား၍ ဆိုးညစ်ခြင်း၌တရွေ့ရွေ့တိုးပွားကြလိမ့်မည်" (၂တိ ၃း၁–၅၊ ၁၃)။ ဤကမ္ဘာကြီး၏အဖြစ်အပျက်ကို မှန်ကန်ကြောင်းဟောထားခြင်းကို မည်သူငြင်းဆန်နိုင်မည်နည်း။ အရပ်လေးမျက်နှာရှိလူသူများကိုကြည့်လျှင် မိမိကိုယ်ကျိုးကိုသာရှေးရှုလုပ်ဆောင်သောသူသာရှိ၏။ သားသမီးငယ်များကို ရက်စက်ကြမ်းကြုတ်စွာညှဥ်းဆဲသောသူသည်များပြားလာသည်။ ခေတ်လူငယ်များတို့သည်လည်း ထိန်းသိမ်းဆုံးမရန်ခဲယဉ်းလာပါသည်။ အထူးသဖြင့် လူငယ်တို့သည် ပြစ်မှုကျူးလွန်သူများတွင်များပြားလာသည်။ ဤအဖြစ်အပျက်များအားလုံးတို့သည် ခရစ်တော်ကြွလာရန်နီးလျက်ရှိကြောင်း ထောက်ပြထားပါသည်။

## လမ်းညွှန် (၆) စုန်းတစ္ဆေနတ်ဝင်သည်များကိုယုံကြည်သူများပြားလာသည်

လူတို့သည် လောက၌ရှိသမျှသောပြဿနာအဖြေမှန်များဟုထင်သောအဖြေကိုရှာသောအခါ ထိုအထက်လမ်း၊ အောက်လမ်းတို့၏ပယောဂလုပ်ငန်းတို့တွင် အဖြေဟုထင်သောနှစ်သိမ့်မှုကိုရရှိသောကြောင့်ဖြစ်သည်။ "အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် ပုရောဖက်အတုတို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုပြကြလိမ့်မည်" (မဿဲ ၂၄း၁၄)။ ဤကျမ်းစကားများသည်

အချိန်၏နောက်ဆုံးအကြောင်းနှင့်ပတ်သက်ကာဖော်ပြ၍ ထူးဆန်းသောနိမိတ်လက္ခဏာများတို့သည် အတုအပများသာဖြစ်ကြောင်းသိရသည်။ နတ်ဝင်သည်တို့နှင့် အောက်လမ်းဆရာများတို့သည် ပြဇာတ်များကဲ့သို့ပြုလုပ်ကာ နေရာတကာတွင် ကြော်ကြားထင်ရှား၍ သူတို့၏မှော်အတတ်ပညာများကိုပြသကာ သေသောသူတို့၏ဝိညာဉ်ကိုပင် ထုတ်ဆောင်ပြသနိုင်ပါသည်။ ဤနတ်ဆိုး၏အတုအပနှင့် ထူးဆန်းသောနိမိတ်လက္ခဏာများကိုမြင်သောအခါ ယုံကြည်သူများပြားလာပါသည်။ ဤအကြောင်းအရာများကိုထောက်ရှုကာ ခရစ်တော်ကိုယ်တိုင်ကြိုတင်ပြောထားသောစကားအရ၊ သူ၏ကြွလာခြင်းသည် နီးကပ်လာကြောင်းကိုပြောထား၏ (မဿဲ ၂၄း၂၇)။

## လမ်းညွှန် (၇) နိုးထလာသောကမ္ဘာကြီး

ကမ္ဘာကြီးရှိတိုင်းပြည်တို့သည် နိုးထလာကြောင်း အာဖရိကတိုက်တွင်လည်းကောင်း၊ အရှေ့အလယ်ဖျားတွင်လည်းကောင်း၊ အရှေ့ဥရောပတွင်လည်းကောင်း၊ အာရှအရှေ့ဖျားတွင်လည်းကောင်း တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စစ်ရေးတို့တွင် နိုးထလှုပ်ရှားလာမှုကိုတွေ့ရသည်။ “တစ်ပါးအမျိုးသားတို့သည်ထ၍ ယောရှဖတ်ချိုင့်သို့တက်လာကြစေ၊ ပတ်လည်၌နေသောတစ်ပါးအမျိုးသားအပေါင်းတို့ကို စစ်ကြောစီရင်ခြင်းငှါ ထိုအရပ်၌ငါထိုင်မည်။ ကွပ်မျက်ရာချိုင့်၌ လူများစည်းဝေးလျက်ရှိကြ၏။ ကွပ်မျက်ရာချိုင့်၌ ထာဝရဘုရားသခင်၏နေ့ရက်သည် ရောက်လုနီးပြီ” (ယောလ ၃း၁၂၊ ၁၄)။ ယနေ့အချိန်အခါတွင် အာရှ၊ အာဖရိက၊ အရှေ့ဥရောပ (ယခင်အချိန်ကရုရှတိုင်းပြည်) နှင့် အရှေ့အလယ်ဖျားတိုင်းပြည်များသည် အထူးခြားဆုံးသောနိုးထလှုပ်ရှားလာမှုသည် ပိုမိုထူးခြားစွာရာဇဝင်တင်ခဲ့သောအချိန်များထက် ထူးကဲလာသောကြောင့် ခရစ်တော်၏ကြွလာခြင်းသည်နီးကြောင်းသိရ၏။

## လမ်းညွှန် (၈) ငြိမ်းချမ်းရေးအကြံအစည်များနှင့်စစ်ပွဲပြင်ဆင်ခြင်း

ကျွန်ုပ်တို့နေသောကမ္ဘာသည် ဆန်းကျယ်လှ၏။ လူတိုင်းတို့သည် ငြိမ်းချမ်းရေးကိုအရယူရမည်ဟုကြွေးကြော်ကြ၏။ ငြိမ်းချမ်းရေးအကြောင်းပြောဟောကြ၏။ သို့ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံဆန့်ကျင်ဘက်ပြုရန်စိုင်းပြင်းနေကြ၏။ အချို့နိုင်ငံတို့သည် နှစ်ပေါင်းရာနှင့်ချီ၍ ငြိမ်းချမ်းရေးဖြင့်နေရသော်လည်း ယခုအချိန်အခါ၌မူ ပွဲဦးထွက်စစ်ပွဲများဖြင့် ငြိမ်းချမ်းရေးကိုကျောခိုင်းလေ၏။ ပရောဖက်များဖြစ်သောမိက္ခာနှင့်ယောလတို့သည် ကြိုတင်ကာဤအကြောင်းများနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးအကြောင်းများကိုဖေါ်ထုတ်ကြေညာသော်လည်း (မိက္ခာ ၄း၁–၃)။ တစ်နိုင်ငံနှင့်တစ်နိုင်ငံမယုံကြည်၍ အတွင်းကြိတ်စစ်မက်အင်္ဂါများပြင်ဆင်နေကြောင်းတွေ့ရသည် (ယောလ ၃း၉–၁၃)။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျမ်းစာတော်မြတ်သည် ငြိမ်းချမ်းရေးနှင့် စစ်ပွဲပြဿနာများကိုပြောပြထားပါသည်။ သို့ရာတွင် ခရစ်တော်ကြွလာသောအခါ “ငါ၌ထာဝရငြိမ်းချမ်းရေးရနိုင်မည်ဟုကြေညာထားပါသည်။”

## လမ်းညွှန် (၉) ခေတ်သစ်တွင်တိုးတက်မှုများ

နှစ်ရာပေါင်းများစွာကြာညောင်းခဲ့ပြီးသည့်နောက် လူသားတို့၏ရာဇဝင်တွင် သွားလာမှုနှင့်ဆက်သွယ်မှုတို့သည် ကမ္ဘာကြီးရှိနိုင်ငံနှင့်လူများတို့ကို တစ်ဦးနှင့်တစ်ဦးနီးကပ်စွာဖန်တီးဆက်သွယ်ပေးခဲ့သည်။ “အမှုကုန်ရသည့်ကာလတိုင်အောင်၊ ဤစကားတော်တို့ကိုပိတ်၍ စာစောင်ကိုတံဆိပ်ခတ်ထားလော့။ အများသောသူတို့သည် ထိုစာကိုကြည့်ရှုသောအားဖြင့် ပညာတိုးပွားလိမ့်မည်ဟုပြောဆို၏” (ဒံယေလ ၁၂း၄)။ ဒံယေလသည် မိမိပရောဖက်စကားများတို့သည် ပညာဉာဏ်တိုးပွား၍ နောက်ဆုံးသောခေတ်အချိန်အထိရောက်ရှိမည်ဖြစ်ကြောင်းဖေါ်ပြသည်။ ထိုအနာဂတ်စကားများသည် နောက်ဆုံးသောကွန်ပျူတာသတင်းပေးပို့ချိန်အထိရောက်ရှိမည်ဖြစ်ကြောင်း ပြထားသည်။ ပညာမျိုးစုံတို့သည် လျင်မြန်ဆန်းကြယ်စွာပေါ်ပေါက်များပြားလာ၍ နောက်ပိုင်းနှစ်အနည်းငယ်တွင်တွေ့မြင်လာရပါသည်။ လွန်ခဲ့သောနှစ်ငါးဆယ်အတွင်းကပြောင်းလဲမှုသည် လွန်ခဲ့သော

နှစ်နှစ်ထောင်အချိန်အခါထက်များပြားသောပြောင်းလဲမှုကိုပေါ်ပေါက်ကြောင်းသိရသည်။ လူများတို့သည် ဟိုဟိုသည်သည် သွားလာ၍ ပညာများရှာကြသည်။ ၁၈၅၀ ခုနှောင်းပိုင်းက မြင်းနှင့်မြင်းလှည်းကိုအသုံးပြုသွားလာကြသည်။ ယခုမူကား အသံထက်လျင်မြန်သောကွန်းကော့လေယာဉ်ဖြင့်လည်းကောင်း၊ ဒုံးပျံကိုလည်းကောင်း သွားလာရန်အသုံးပြုခဲ့သည်။ သွားလာမှုများပြားခြင်းနှင့် ခေတ်ပေါ်လူသုံးစက်ပစ္စည်းများတို့ကိုထောက်ရှုသောအခါ နောက်ဆုံးသောခေတ်အချိန်၌ရောက်ရှိသည်ကို သိရသည်။

### *လမ်းညွှန် (၁၀) တစ်ကမ္ဘာလုံးသို့ဧဝံဂေလိတရားဟောပြောခြင်း*

ခရစ်တော်၏စကားအရ၊ သူမကြွလာမီ ဧဝံဂေလိတရားတော်သည် ကမ္ဘာအနှံ့ရောက်ရှိမည်ကိုပြောကြားထားသည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့" (မဿဲ ၂၄း၁၄)။ နှစ်ပေါင်းများစွာတိုင်းပြည်အများတို့သည် ဘာသာရေးကိစ္စကိုတားမြစ်ပိတ်ဆို့ထားပါသည်။ သို့ရာတွင် နေ့ချင်းညချင်းပမာ ဥရောပအရှေ့ဖျားကွန်မြူနစ်နိုင်ငံများသည် သာသနာလုပ်ငန်းပိတ်ဆို့ခြင်းများကိုဖွင့်ပေးခဲ့ပါသည်။ ဘာလင်မြို့ရှိခြံစည်းရိုးတံတိုင်းများပြိုကျခဲ့ပါသည်။ ကမ္ဘာကြီး၏ထက်ဝက်ခန့်ကျယ်သောတိုင်းပြည်များတို့သည် ဧဝံဂေလိတရားနာရန် အခွင့်အရေးနှင့်အခွင့်ပေးခဲ့ပါသည်။ ဧဝံဂေလိတရားသည် ကမ္ဘာအနှံ့သို့ လွန်ခဲ့သောအချိန်အခါများထက် လျင်မြန်စွာရောက်ရှိနေကြောင်းသိရသည်။ ဂြိုဟ်တုများမှ ဧဝံဂေလိတရားဟောလုပ်ငန်းများသည် တိုင်းပြည်ရှိနေရာတိုင်းသို့ ကျယ်ကျယ်ပြန့်ပြန့်သတင်းပေးပို့နိုင်ခဲ့သည်။ ဤအကြောင်းအရာကိုထောက်၍ ခရစ်တော်၏ကြေညာချက်မှာ ဤဧဝံဂေလိသတင်းစကားသည် တိုင်းပြည်အနှံ့သို့ဟောပြောပြီးမှ အဆုံးသည်ရောက်လတ္တံ့ဟု လာသည်။

## ၂။ ခရစ်တော်သည်မည်မျှလျင်မြန်စွာပြန်လာမည်နည်း

ခရစ်တော်သည် ဒုတိယအကြိမ်ကြွလာမည့်အကြောင်းနှင့်ဖြစ်ပေါ်မည့်နိမိတ်လက္ခဏာများကိုပြောပြအပြီး နိဂုံးချုပ်တွင် "ငါအမှန်ဆိုသည်ကား၊ ယခုဖြစ်သောလူများမကုန်မီ ထိုအကြောင်းအရာအလုံးစုံတို့သည်ဖြစ်ကြလိမ့်မည်" (မဿဲ ၂၄း၃၄)။

အဖြစ်အပျက်၏နိဂုံးချုပ်သည် ထင်ရှားလျက်ရှိ၏။ အနာဂတ်စကား၏လမ်းညွှန်များသည် ခရစ်တော်ကြွလာခြင်းကို မျက်ဝါးထင်ထင် ဤလောကတွင်မြင်ရမည်။ အပြစ်နှင့်နာကျင်ခြင်းများကိုဖယ်ရှားပစ်၍ ထာဝရနိုင်ငံတော်ကိုတည်ထောင်မည်ဖြစ်ပါသည်။ ခရစ်တော်၏သတိပေးချက်မှာ အဘယ်သူမျှထိုနေ့ရက်နှင့်နာရီကို (မဿဲ ၂၄း၃၆) မသိကြ။ ဆက်လက်၍ ခရစ်တော်က၊ "ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား သင်တို့မထင်မမှတ်သောအချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်" (မဿဲ ၂၄း၄၄)။

## ၃။ ကမ္ဘာ၏မျှော်လင့်ခြင်းသည် ခရစ်တော်သာဖြစ်၏

ခရစ်တော်သည် နောက်ဆုံးနှင့်အကောင်းဆုံးလူသားများအတွက် မျှော်လင့်ချက်ဖြစ်၍ သူသာလျှင်ကမ္ဘာကြီးကိုဖျက်ဆီးနေသည့်အရာတည်းဟူသောအပြစ်ကိုသုတ်သင်နိုင်သည်။ ခရစ်တော်သာလျှင် နတ်ဆိုးကိုလက်ဝါးကပ်တိုင်ကြောင့်သာလျှင် ချေမှုန်းပစ်ရုံမကဘဲ လူသားများအားလုံးကိုကယ်ဆယ်၍ ကယ်တင်ခြင်းပေးနိုင်သည်။ "စာတန်သည် ရှေးဦးစွာမှစ၍ အပြစ်ကိုပြုသောသူဖြစ်သောကြောင့် အကြင်သူသည် အပြစ်ကိုပြု၏။ ထိုသူသည် စာတန်နှင့်ဆိုင်၏။ စာတန်အမှုကိုပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏" (၁ယော ၃း၈)။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ပြိုကျပျက်စီးနေသောကမ္ဘာကြီးကို မိမိအသွေးအသားအားဖြင့်ကယ်တင်ခဲ့လေသည်။ ထိုယေရှုသည် တစ်နေ့ကမ္ဘာကြီး၏မကောင်းမှုဟူသမျှကိုပပျောက်စေမည်။ ယခုသင့်အသက်တာတွင်ရှိသောအပြစ်ကိုဖျောက်ပစ်

ပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ အပြစ်၏စီရင်ခြင်းမှကင်းလွတ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သောငြိမ်သက်ခြင်းကို ခရစ်တော်သည်ပေးနေ၍ သင်ယခုလက်ခံပါ။ အစည်းအဝေးတစ်ခုသို့တက်ရောက်ခဲ့သောအမျိုးသမီးတစ်ဦးသည် စိတ်ပါဝင်စားလာသည်။ ခရစ်တော်၏ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ ဆက်နွယ်နေသောသတင်းစကားများကို ကြားရသောအခါ သူယခင်ကမှန်သည်ဟုထင်သောမေတ္တာ၊ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းတို့သည် နေရာမှားနေကြောင်းသိခဲ့ရသည်။ ခရစ်တော်သာလျှင် နေရာမှန်ကိုပြပေးနိုင်သည်။ နောက်တစ်နေ့တွင် တရားဟောဆရာကြီးနှင့် သူ၏တွဲဖက်ဆရာတို့သည် သူမ၏အိမ်သို့သွားရောက်လည်ပတ်သောအခါ ပျက်စီးချို့ယွင်းနေသောသူ၏အသက်တာအကြောင်းကိုပြောပြလေသည်။ သူ၏ဘဝမှာ အရက်သမားဘဝ၊ စားဝတ်နေရေးအတွက်ပြည့်တန်ဆာဘဝ၊ အစရှိသောဘဝများပျက်စီးခဲ့ကြောင်းကို ပြောပြလေသည်။ နောက်ပြီးမှ သူ၏သက်သေခံချက်မှာ ညတုန်းကဟောခဲ့သောတရားသည် ကျွန်မအတွက်နှင့် ကျွန်မကို ဟောနေကြောင်းဝန်ခံခဲ့လေသည်။ သူမ၏စိတ်နှလုံးကိုထိခိုက်သောအရာကား ဘုရားသခင်၏နှုတ်ထွက်စကားဖြစ်သည်။ ဘုရားသခင်သည် သူမအားမေတ္တာဖြင့်ညင်သာစွာပြောပြကြောင်းကိုသိရသောအခါ သူမသည် ဘုရားသခင်ထံသို့ မိမိကိုယ်ကိုဆက်ကပ်ခါ ခရစ်တော်၏ကယ်တင်ခြင်းကိုလက်ခံ၍ ခရစ်တော်၏ကြွလာခြင်းကိုစောင့်မျှော်ကြိုဆိုနေမည်ဟုသက်သေခံသည်။ နောက်အပတ်များတွင် ကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ခြင်းများခံစားရ၏။ ထိုကဲ့သို့အချိန်အခါမျိုးကို အရက်ဖြင့်ဖြေဖျော်ခဲ့သော်လည်း ယခုမူကား လိုလျက်ရှိသောဆုကျေးဇူးများကို ခရစ်တော်အားတောင်းခံ၏။ ပြင်းပြသောခံစားချက်များကိုဖျက်ဆီးနေသောအကျင့်ဓလေ့များမှ ကိုယ်တော်သည်ကယ်တင်ပေးခဲ့ပါသည်။ သူမပြုလုပ်ခဲ့သောအရာများသည် ဂုဏ်ယူစရာမရှိသော်လည်း ခရစ်တော်၏ကျေးဇူးတရားနှင့် အပြစ်ဖြေလွှတ်ပေးခြင်းသည် သူမအတွက်ကျေးဇူးတင်စရာနှင့်ဂုဏ်ယူစရာဖြစ်လေသည်။ အထူးသဖြင့် လက်ဝါးကပ်တိုင်ပေါ်ရှိ သူခိုး၏သက်သေခံချက်သည် သူမအတွက်ခွန်အားယူစရာဖြစ်၏။ "သခင်၊ ကိုယ်တော်သည်နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါဟု ယေရှုကိုလျှောက်ဆို၏" (လုကာ ၂၃း၄၂)။ ခရစ်တော်သည် အဆောတလျင်သူခိုး၏မေးခွန်းကိုပြန်၍ဖြေပေးပါ၏။ (လုကာ ၂၃း၄၃)။ ထိုယေရှုသည် သေလုဆဲဆဲသူခိုးကိုအပြစ်လွှတ်ပေးသည်နည်းတူ သင့်အားကယ်တင်ခြင်းကိုပေးနေသည်။ အပြစ်မှဖြေလွှတ်ပေးသည်။ စိတ်၏ငြိမ်သက်ခြင်းကိုလည်းပေးသနားတော်မူသည်။ သင်ကိုယ်တိုင်ထိုအကြောင်းနှင့်ပတ်သက်၍ ရှာဖွေလေ့လာပါ။

သင်သည်လည်း သေခါနီးဖြစ်သောသူခိုးကဲ့သို့ ကိုယ်တော်နိုင်ငံတော်တည်၍ကြွလာတော်မူသောအခါ ခရစ်တော်၏အဖြေမှာ ငါတစ်ဖန်ပြန်လာ၍ သင်တို့သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်ဟုမိန့်တော်မူ၏။

-၀-

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၀) အဖြေလွှာ
## ခရစ်တော်မည်သည့်အချိန်တွင်ပြန်လာမည်နည်း

အဖြေမှန်မေးခွန်း (၈) ခု၏ရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ ------ ကမ္ဘာပေါ်တွင်ပေါ်လာမည့်အဖြစ်အပျက်များကိုကြောက်ရွံ့ခြင်းရှိမည်။
------ လူများတို့သည် အစားအစာငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုးနှင့် ငလျင်လှုပ်ခြင်းဘေးဆိုးတို့ကြောင့် စိတ်ဒုက္ခရောက်လျက်ရှိကြ၏။
------ ကမ္ဘာသည် တစ်နေ့တခြားကောင်းမွန်လာ၍ ကောင်းကင်နိုင်ငံကဲ့သို့ဖြစ်တော့မည်။
------ လူများတို့သည် ဥစ္စာပစ္စည်းများကိုစုဆောင်းထားကြ၏။
------ ဝန်ထမ်းများအထဲတွင် ကျေနပ်မှုနှင့်စိတ်ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်းမရှိပါ။
------ အပြစ်များကျူးလွန်မိမှာမဟုတ်ပါ။
------ လူမှုရေးတွင်အကျင့်ပျက်ပြားလျက်ရှိပါ၏။
------ အတုအပနိမိတ်လက္ခဏာများဖြစ်သောခေတ်သစ်မှော်အတတ်ပညာများ။
------ ကမ္ဘာကြီး၏ရှေ့တန်းသို့တိုးဝင်လာသောအာရှနှင့်အာဖရိကနိုးကြားမှုများ။
------ ပညာဉာဏ်တိုးပွားမှုကြောင့် ဧဝံဂေလိတရားကမ္ဘာအနှံ့သို့ရောက်ရှိခြင်း။

၂။ ခရစ်တော်ကြွလာခြင်းသည် မည်မျှနီးလျက်နေပါသနည်း။
------ လူများသိရှိရန်မလွယ်ပါ။
------ ကျမ်းစာတွင်းရှိအနာဂတ်စကားများသည် ကြွလာခြင်းနီးကြောင်းပြောပြထားသည်။

၃။ ကျွန်ုပ်တို့၏ခေတ်ပြည့်စုံလာသောကျမ်းအနာဂတ်စကားမှာ–
------ ခရစ်တော်ကြွလာခြင်းနီး၏။ ခရစ်တော်သည်လည်း သူ၏အသက်ကိုစွန့်ကာ သူကြွလာခြင်းအတွက် သင့်ကိုပြင်ဆင်ပေးလျက်ရှိ၏။
------ သင်သည် စေတနာမှန်ဖြင့်အဆင်သင့်နေကာ ခရစ်တော်သင့်အားခေါ်ဆောင်ရန်အဆင်သင့်ရှိပြီလား။

### အရေးကြီးသောသော့ချက်

သင်၏လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ထည့်ပေးပါ။ သင်၏အကြောင်းအကျဉ်းချုပ်ကိုရေးပေးပါ။ သင်ခန်းစာကိုဖြေဆိုသောပုဂ္ဂိုလ်တိုင်းကို ရင်းနှီးစွာဆက်ဆံလိုပါသည်။

ထင်ရှားသေသပ်စွာရေးပါ

အမည်------------------------------

လမ်းနှင့်အိမ်အမှတ်-----------------------

မြို့---------------------------------

နယ်---------------------------------

ကိုးကွယ်သည့်ဘာသာ---------------------